မင်းကန်ကျေးရွာ

နဘဲကန်ကျေးရွာအုပ်စု

တောင်သာမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၈ - ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

မင်းကန်ကျေးရွာ၊ တောင်သာမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ

မာတိကာ


မာတိကာ ၂

၁. တောင်သာမြို့နယ်၊ နဘဲကန်အုပ်စု၊ မင်းကန်ကျေးရွာ၏ သယံဇာတပြမြေပုံ ၃

၂. တောင်သာမြို့နယ်၊ နဘဲကန်အုပ်စု၊ မင်းကန်ကျေးရွာ၏ **ရာသီခွင်ပြ ပြက္ခဒိန်** ၄

၃. တောင်သာမြို့နယ်၊ နဘဲကန်အုပ်စု၊ မင်းကန်ကျေးရွာ၏ **ကျေးရွာတွင်း၊ရွာပြင်အဖွဲ့အစည်းများ ချိတ်ဆက်မှုပြပုံ** ၅

၄. တောင်သာမြို့နယ်၊ နဘဲကန်အုပ်စု၊ မင်းကန်ကျေးရွာ၏ ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

၄.က။ တည်နေရာနှင့်ပထဝီ အနေအထား ၆

၄.ခ။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ ၆

၄.ဂ။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ ၆

၄.ဃ။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ ၇

၄.င။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ ၇

၄.စ။ ပညာရေး ၈

၄.ဆ။ ကျန်းမာရေး ၈

၄.ဇ။ ဘောအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၉


၄.ဈ။ ကျား – မ ရေးရာ ၉

၅. ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ၁၁


နောက်ဆက်တွဲများ

- နောက်ဆက်တွဲ ၁ ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း ၁၂
- နောက်ဆက်တွဲ ၂ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ ၁၃
- နောက်ဆက်တွဲ ၃ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှု ဇယား ၅၀


## ၁. တောင်သာမြို့နယ်၊ နဘဲကန်ကျေးရွာအုပ်စု၊မင်းကန်ကျေးရွာ၏ သယံဇာတပြမြေပုံ



## ၂.တောင်သာမြို့နယ်၊ နဘဲကန်ကျေးရွာအုပ်စု၊မင်းကန်ကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်



၃. တောင်သာမြို့နယ်၊ နဘဲကန်ကျေးရွာအုပ်စု၊မင်းကန်ကျေးရွာ၏ ကျေးရွာတွင်း၊ရွာပြင်အဖွဲ့အစည်းများ ချိတ်ဆက်မှုပြပုံ



## ၄. တောင်သာမြို့နယ်၊နဘဲကန်ကျေးရွာအုပ်စု၊ မင်းကန်ကျေးရွာ၏ ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### ၄.က။ တည်နေရာနှင့် ပထဝီအနေအထား

မင်းကန်ကျေးရွာသည် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်တွင် ပါဝင်သော ကျေးရွာတစ်ရွာ ဖြစ်ပြီး တောင်သာမြို့၏တောင်ဘက်(၁)မိုင်ခန့်တွင် တည်ရှိပါသည်။ကျေးရွာ၏ အနောက်ဘက်တွင် မြင်းခြံ-မိတ္ထီလာကား လမ်းရှိပါသည်။မင်းကန်ကျေးရွာ၏ အကျယ်အဝန်းမှာ (၈၀)ဧကခန့် ကျယ်ဝန်းပြီးအနီးဆုံးမြို့မှာ တောင်သာမြို့ ဖြစ်ပါသည်။ မင်းကန်ကျေးရွာနှင့် တောင်သာမြို့သို့ ဆက်သွယ်သောလမ်းမှာ ကတ္တရာလမ်းဖြစ်၍ ရာသီမရွေးသွားလာနိုင်ပါသည်။ မင်းကန်ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းနှင့် ပန်းပဲလုပ်ငန်းကိုအဓိကလုပ်ကိုင်သော ကျေးရွာတစ်ရွာဖြစ်ပြီး ကျေးရွာပတ်ဝန်းကျင်ရှိ ယာမြေများမှာ စိမ်းလန်းစိုပြေ၍ သာယာလှပသောကျေးရွာတစ်ရွာဖြစ်သည်။

### ၄.ခ။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

မင်းကန်ကျေးရွာ၏ ရာသီဥတုအခြေအနေမှာသာမန်အားဖြင့် နွေရာသီတွင် အပူချိန် ၃၈°C အမြင့်ဆုံးရှိပြီး အနိမ့်ဆုံး အပူချိန်မှာ၃၂°Cရှိတက်ပါသည်။ လယ်ယာမြေအသင့်အတင့်ရှိပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီအသင့်အတင့် ကောင်းမွန်သည်။ ကျေးရွာတွင် သဘာဝသယံဇာတမထွက်ရှိပါ။ တောင်သူများမှာ မိုးရွာသွန်းမှုအပေါ်မူတည်၍ စိုက်ပျိုးကြ သည်။ထွန်ယက်စိုက်ပျိုးနိုင်သည့်ဧက(၃၅၂)ဧက ရှိပြီးမြေပဲ၊ နှမ်း၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ပြောင်းနှင့်ဝါကိုအဓိက စိုက်ပျိုးကြ သည်။

### ၄.ဂ။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

မင်းကန်ကျေးရွာတွင် စီးပွားရေးအခြေပြုသောအဖွဲ့(၁)ဖွဲ့၊ လူမှုရေးဆိုင်ရာအဖွဲ့အစည်း(၆)ဖွဲ့ ရှိသည်။ ၎င်းအဖွဲ့ အစည်းများသည် ၎င်းတို့၏ အခန်းကဏ္ဍအလိုက် သက်ဆိုင်ရာတာဝန်များကို ထမ်းဆောင်လျှက်ရှိသည်။ ကျေးရွာရှိ အဆိုပါ အဖွဲ့အစည်းများမှာအပြန်အလှန်ယုံကြည်မှု၊တာဝန်ယူမှု၊တာဝန်ခံမှု အပြည့်ရှိကြသည်။ တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား ချိတ်ဆက် ဆောင်ရွက်မှု၊ အဖွဲ့အစည်းဆိုင်ရာသဘောတရားတို့နှင့် ပတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းများရရှိနိုင်ပါကဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

မင်းကန်ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုများတွင် အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီများနှင့် ပူးပေါင်းညှိနှိုင်း၍ ဘာသာရေးဆိုင်ရာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် သာသနာ့အကျိုးတော် ဆောင်များဖြစ်သော ဂေါပကလူကြီးများအဖွဲ့ဖွဲ့စည်းပေး၍ ဘာသာရေးလုပ်ငန်းများတွင် စီမံခန့်ခွဲဆောင်ရွက်စေခြင်း၊ ပညာရေးဆိုင် ရာလုပ်ငန်းများတွင် စာသင်ကျောင်း၏ အကျိုးတော်ဆောင်ကော်မတီများဖွဲ့စည်း၍ စီမံခန့်ခွဲဆောင်ရွက် စေခြင်း၊ ကျေးရွာတွင်း လျှပ်စစ်မီးလင်းရေးကဏ္ဍတွင် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးကော်မတီဖွဲ့စည်း၍ လျှပ်စစ်မီးနှင့်ပတ်သက်သော ဓါတ်အားလိုင်းများထိန်းသိမ်းခြင်း၊ လျှပ်စစ်မီးလင်းရေးဘဏ္ဍာများရှာဖွေခြင်းလုပ်ငန်းများအတွက် စီမံခန့်ခွဲစေခြင်း၊ ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများ ဖြစ်သောလမ်းများ၊ ကျေးရွာပိုင်အဆောက်အဦများကို ပြုပြင်ထိန်းသိမ်းခြင်း၊ သာရေးနာရေးလုပ်ငန်းများတွင် သုံးစွဲနိုင်ရန်အတွက် ကျေးရွာပိုင်ပစ္စည်းများထိန်းသိမ်းခြင်း၊ ကျေးရွာ ဖွံ့ဖြိုးရေးရန်ပုံငွေရှာဖွေခြင်းများ လုပ်ဆောင်နိုင်ရန်အတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီများဖွဲ့စည်း၍ စီမံခန့်ခွဲစေခြင်း၊ သာရေးနာရေးများတွင် ကူညီချက်ပြုတ်လုပ်ဆောင်ရန်အတွက် ထမင်းချက်အဖွဲ့များ၊ ဟင်းချက်အဖွဲ့များ၊ လူငယ်ပရဟိတ အဖွဲ့၊

အမျိုးသမီးပရဟိတအဖွဲ့၊ ထမင်းကျွေးတာဝန်များအားဆယ်အိမ်မှူးများမှ စီမံခန့်ခွဲဦးဆောင်စေခြင်း စသော ဖွံ့ဖြိုးရေး ဆိုင်ရာစီမံခန့်ခွဲမှုများအဖွဲ့အစည်းလိုက် တာဝန်ပေးအပ်၍ လုပ်ကိုင်ဆောင်ရွက်ကြပါသည်။

### ၄.ဃ။စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

မင်းကန်ကျေးရွာ၏ အဓိကစီးပွားရေးလုပ်ငန်းမှာစိုက်ပျိုးရေးလုပ်ငန်းနှင့် ပန်းပဲလုပ်ငန်းဖြစ်ပါသည်။ စုစုပေါင်း အိမ်ထောင်စု၏ ၆၁.၁%(၁၀၇အိမ်ထောင်စု) သည် ပန်းပဲလုပ်ငန်းကို ကိုယ်ပိုင်လုပ်ကိုင်ပြီး လယ်ယာလုပ်ငန်းကို စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူများမှာအိမ်ထောင်စု၏ ၁၄.၈၅% (၂၆အိမ်ထောင်စု) ရှိနေသည်ကို တွေ့ရှိရပါသည်။ အိမ်ထောင်စု (၁၇၅)စုအားလုံးနီးပါးသည် ပန်းပဲလုပ်ငန်းကိုအဓိကလုပ်ကိုင်သူများဖြစ်ကြပြီး အခြားစီးပွားရေးအဖြစ် စိုက်ပျိုးရေး လုပ်ငန်း၊ နိုင်ငံ့ဝန်ထမ်းများ၊ စက်မှုလုပ်ငန်းများ၊ တပိုင်တနိုင်မွေးမြူရေး လုပ်ငန်း၊ လက်သမား၊ ပန်းရံလုပ်ငန်းများနှင့် ကျပန်းလုပ်ငန်းများလုပ်ကိုင်ကြပါသည်။ စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြသောတောင်သူများအနေဖြင့် ရာသီဥတု၊ စိုက်ပျိုးရေကောင်းစွာရရှိပြီးသီးနှံထွက်နှုန်းကောင်းမွန်၍ ဈေးကွက်ကောင်းမွန်လျှင် အကျိုးအမြတ်များစွာရရှိပြီး ရာသီဥတု ဖောက်ပြန်ပြီးစိုက်ပျိုးရေမမှန်ပါက သီးနှံထွက်နှုန်းမကောင်း၍ အကျိုးအမြတ်နည်းခြင်း၊ ဆုံးရှုံးမှုများနှင့် ရင်ဆိုင်ရတက် ပါသည်။

လက်သမား၊ ပန်းရံနှင့်အခြားကျပန်းလုပ်ငန်းလုပ်ကိုင်ကြသူများမှာလည်း စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ကြသော တောင်သူများနှင့် ဆက်စပ်နေသောကြောင့် တောင်သူများအကျိုးအမြတ်ရ၍ အဆင်ပြေလျှင် ၎င်းတို့လည်းအလုပ်အကိုင် များရရှိ၍ ဝင်ငွေကောင်းပြီးတောင်သူများသီးနှံဆုံးရှုံးမှုရှိပါက အလုပ်အကိုင် ရှားပါးမှု နှင့် ရင်ဆိုင်ရတက်ပါသည်။

မင်းကန်ကျေးရွာတွင် ဥစ္စာဓနအဆင့်ကိုအဆင့်(၄)ဆင့်ဖြင့် ခွဲခြားထားပါသည်။ အထက်ပါ ဥစ္စာဓနအဆင့် အခြေအနေအရ ဆင်းရဲသောမိသားစုမှာကျေးရွာအိမ်ထောင်စု၏ (၁.၇%)ဖြင့် အနည်းဆုံး ဖြစ်သည်ကို တွေ့ရှိရပြီး ချမ်းသာသော အိမ်ထောင်စု (၅၂)ဦးနှင့် အိမ်ထောင်စုပေါင်း၏ (၂၉.၇%)၊ အဆင်ပြေသောအိမ်ထောင်စု (၁၂၀)ဦးနှင့် အိမ်ထောင်စုပေါင်း၏ (၆၈.၆%) ရှိပါသည်။ ချမ်းသာသောအိမ်ထောင်စုနှင့် အဆင်ပြေသော အိမ်ထောင်စုပေါင်းသည် ၉၈.၈% ဖြစ်နေသောကြောင့် ကျေးရွာအိမ်ထောင်စုအားလုံးနီးပါး စီးပွားရေးအဆင်ပြေနေသည်ကို လေ့လာတွေ့ရှိ ရပါသည်။

### ၄.င။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ(လမ်းတံတား၊ အခြားအခြေခံအဆောက်အဦများ၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး)

မင်းကန်ကျေးရွာတွင် အခြေခံအဆောက်အဦများအနေဖြင့် အုပ်ချုပ်ရေးမှူးရုံး၊ အခြေခံပညာမူလတန်း ကျောင်း ရှိပါသည်။ ကျေးရွာတွင် အစည်းအဝေးပွဲများ၊ဌာနဆိုင်ရာအသိပညာပေးဟောပြောပွဲများ ကျင်းပနိုင်ရန်နှင့် ဝါတွင်း၊ ဝါပတ် ဆွမ်းလောင်းခြင်း၊ ပွဲတော်တရားပွဲများကျင်းပနိုင်ရန်အတွက် ကျေးရွာပိုင်ဓမ္မာရုံအား ပြုပြင်ဆောက်လုပ်ရန် လိုအပ်လျှက်ရှိပါသည်။မင်းကန်ကျေးရွာ၏ ရွာတွင်းလမ်းများသည် မြေသားလမ်း ဖြစ်ပြီး မိုးရာသီတွင် ရေအိုင်ခြင်း၊ ဗွက်ထခြင်း၊ ဆိုင်ကယ်၊ ကားများလမ်းချော်ခြင်းများဖြစ်ပေါ်သောကြောင့် အဆင့်မြှင့်တင်ဖို့ရန် လိုအပ်သည်။

လျှပ်စစ်မီးလင်းရေးအခြေအနေမှာစုစုပေါင်းအိမ်ထောင်စု၏၆၃.၄%သည် မဟာဓါတ်အားလိုင်းကို အသုံးပြုနေကြပါ သည်။ တစ်ချို့အိမ်ထောင်စုများဖြစ်သော၆၄အိမ်(စုပေါင်းအိမ်ထောင်စု၏ ၃၆.၆%)ခန့်သည် မဟာဓါတ်အားလိုင်း သုံးစွဲ နိုင်ခြင်း မရှိသေးပါ။ အဘယ်ကြောင့်ဆိုသော် transformer မှာ 50 KVA သာရှိ၍ ဓါတ်အားလုံလောက်မှုမရှိသောကြောင့် ဖြစ်သည်။ အိမ်ထောင်စုပေါင်း၏ ၂၂.၃%သည် ဆိုလာစနစ်ကိုသာ

အသုံးပြုနေကြရသည်။ အိမ်ထောင်စုပေါင်း၏ ၁၄.၃% သည် ဓါတ်ခဲမီးအိမ်၊ မီးအိမ်၊ ဖယောင်းတိုင်သာ အသုံးပြုကြသည်။

သယ်ယူပို့ဆောင်ရေးယာဉ်များကိုဇယားတွင် ဖော်ပြထားပါသည်။ စက်ဘီး(၁၀၄)စီးမှာရွာတွင်းနှင့် ကျောင်း သားများ ကျောင်းသွားရန်သာအသုံးပြုကြသည်။ ဆိုင်ကယ် (၁၅၈)စီးမှာ သယ်ယူပို့ဆောင်ရေးဝန်တင် အဖြစ်သုံးပြီး၊ လုပ်ငန်းသုံးအနေဖြင့် သုံးဘီးဆိုင်ကယ်(၂)စီး၊ ထော်လာဂျီ(၂)စီးရှိသည်။

ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကိုဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီ အသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက် အသုံးပြုနိုင်မှုမှာအသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်း အချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ လျှပ်စစ်မီးရရှိသော အိမ်များ၏ ၈၇.၄%ခန့်မှာတီဗွီမှ ဗဟုသုတ အစီအစဉ်များ ကြည့်ရှုကြသည်။

**၄.၈။ ပညာရေး**

မင်းကန်ကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းရှိသည့်အတွက် ကျေးရွာရှိကလေးများ ပညာရေးကို အလွယ်တကူသင်ကြားခွင့်ရရှိကြပါသည်။ ကျောင်းသား/ကျောင်းသူများမှာလည်း အခြေခံပညာ အဆင့်ထိ (၈၈)ဦးခန့်ရှိပါသည်။ လက်ရှိစာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာစတုရန်းပေ (၄၆၄၄)ရှိသည်။ စာသင်ကျောင်းဆောင်၏အရည် အသွေးမှာသင့်တင့်သည့်အနေအထားရှိပြီး ကျောင်းပရိ ဘောဂများ လုံလောက်မှုမရှိသေးပါ။ ကျောင်းသား/သူများ အားကစား နှင့်ကာယလေ့ကျင့်ခန်းများ ပြုလုပ်ရန် အတွက် ကျောင်းဝန်းမြေနေရာမှာ မကျယ်ဝန်းသဖြင့် မြေနေရာ ခက်ခဲလျှက်ရှိပါသည်။ ထို့ကြောင့် ထိုအခက် အခဲများကို ကျော်လွှားဖြေရှင်းနိုင်ရန်အတွက် ကျေးရွာမှ မြေနေရာလှူဒါန်းပေးခြင်း၊ သင်ထောက်ကူ ပစ္စည်း များထားရှိပေးခြင်း၊ ကျောင်းသား/သူများ ဘက်စုံထူးချွန်စေမည့် စီမံချက်များ လုပ်ဆောင်ပေးရန် လိုအပ်လျှက် ရှိပါသည်။

ကျေးရွာ၏ စာမတတ်သူဦးရေမှာ ၉နှစ်အထက် စုစုပေါင်း လူဦးရေ၏ (၃.၃၈%) မျှသာဖြစ်ပြီး မူလတန်းပညာ ပြီးဆုံးသူမှာ (၄၄.၂၅%) ဖြစ်သောကြောင့် အများဆုံးရာနှုန်းဖြစ်နေသည်ကို တွေ့ရှိရပါသည်။ စာတတ်မြောက်မှုနှုန်းကို ခြုံ၍ ကြည့်ပါက မူလတန်းပညာ ပြီးဆုံးသူ (၄၄.၂၅%) ၊ အလယ်တန်းပညာ ပြီးဆုံးသူ (၂၅.၂၅%)၊ အထက်တန်းပညာ ပြီးဆုံးသူ (၁၆.၈၈%)၊ တက္ကသိုလ်ပညာ ပြီးဆုံးသူ (၄%) ဖြစ်သောကြောင့် ကျေးရွာတွင် စာတတ်မြောက်မှုနှုန်းများခြင်းနှင့် ပညာရေး စိတ်ဝင်စားသော ကျေးရွာ ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ် အကိုင် အခွင့်အလမ်းများ နည်းပါးဆဲဖြစ်သည်။

**၄.၉။ ကျန်းမာရေး**

မင်းကန်ကျေးရွာသည် တောင်သာမြို့နယ်ပြည်သူ့ဆေးရုံနှင့် (၁)မိုင်ခန့်သာဝေးပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပါသဖြင့် ကျေးလက်ကျန်းမာရေးဌာနခွဲမရှိပါ။ ကျေးရွာသူ/ကျေး ရွာသားများ၏ ကျန်းမာရေးနှင့် ပတ်သက်၍ ကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှုရှိကြသည်။ ကလေးငယ် အများစုမှာ ကျန်းမာကြသည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းတို့သည်လည်း တစ်ကိုယ်ရေ သန့်ရှင်းရေးနှင့် ကျန်းမာရေး အသိအမြင်များရှိကြသည်။ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ သွေးလွန်တုတ်ကွေး ရောဂါ၊ တီဘီ၊ ဆီးချို၊ သွေးတိုးရောဂါ၊ ငှက်ဖျားနှင့် အသက်ရှူလမ်းကြောင်းကူးစက်ရောဂါများ ဖြစ်ပွားမှု မရှိကြောင်း တွေ့ရှိရပါသည်။

ကျေးရွာတွင် အဝီစိတွင်း၊ မိုးရေလှောင်ကန်၊ မြစ်၊ ချောင်းရေ၊ စိမ့်စမ်းရေများ မရှိဘဲ ၂၀၁၅-၂၀၁၆ခု ဘဏ္ဍာရေးနှစ် တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တူးဖော်ပေးထားသော မြေသားရေကန်မှ ကျေးရွာတစ်ရွာလုံး သောက် ရေသုံးရေအဖြစ် သုံးစွဲနေရ၍ မိုး၊ဆောင်းရာသီတွင် လုံလောက်မှုရှိပြီး နွေရာသီတွင် ရေမလုံလောက်ပါ။ နွေရာသီတွင် တောင်သာမြို့ပေါ်မှ ရေကားတစ်စီးလျှင် ()နှုန်းဖြင့် တစ်ရွာလုံး ဝယ်ယူသုံးစွဲကြရပါသည်။

ကျေးရွာအိမ်ထောင်စု၏ (၉၂%)မှာ ယင်လုံအိမ်သာသုံးစွဲကြ၍ ဆက်စပ်ဖြစ်ပွားတက်သော ရောဂါများ ဖြစ်ပွားမှု နည်းပါးပါသည်။ အချို့အိမ်များသည် မိဘ၊ ဆွေမျိုးများနှင့်အတူပေါင်း၍ ယင်လုံအိမ်သာ (၁)လုံး တည်း ဆောက်လုပ်သုံးစွဲ ကြပါသည်။ ယင်လုံအိမ်သာမရှိသော အိမ်ထောင်စုမှာ(၁)စုသာရှိပြီး ၎င်းတို့အား ယင်လုံအိမ်သာသုံးစွဲခြင်းဖြင့် ကျန်းမာရေး၏ အရေးကြီးပုံများကို အသိပညာပေးခြင်း ပြုလုပ်ပေးရန် လိုအပ်ပါသည်။

### ၄.၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

မင်းကန်ကျေးရွာတွင် စိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓါတုမြေသြဇာ သုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေးကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှား နှိမ်နင်းရေး စနစ်အစားဓါတုပိုးသတ်ဆေးများကိုသာအသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ဗူးခွံများကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။ ကျေးရွာတွင် အပူချိန် မြင့်မား၍ မိုးခေါင်ခြင်းတို့ကြောင့် စိုက်ပျိုးရေရှားပါးမှုနှင့် ကြုံတွေ့ရပြီး စိုက်ပျိုးသီးနှံများ ပျက်စီးဆုံးရှုံး နိုင်ခြင်း စသော ဘေးအန္တရာယ်များလည်း ဖြစ်ပေါ်လာနိုင်ပါသည်။

### ၄.၉။ ကျား-မရေးရာ

မင်းကန်ကျေးရွာတွင် ကျား-မရေးရာကိစ္စဆိုင်ရာ အနေအထားမှာလွတ်လပ်မှုရှိသည်။ ကျား-မရေးရာ ဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရကောင်းစွာ သတ်မှတ် ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စများမတွေ့ရပါ။အမျိုးသမီးရေးရာအကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများ အသိ အမြင် နည်းပါးကြ၍ အမျိုးသမီးရေးရာ အကြမ်းဖက်မှု အတွက် ဥပဒေဆိုင်ရာ အသိပညာပေးသင်တန်းများ၊ အမျိုးသမီးကာကွယ်စောင့်ရှောက်ရေးသင်တန်းများ ဖွင့်လှစ်ပေးရန် လိုအပ်ပါသည်။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေး တူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့်သက်ဆိုင်သောကိန်းဂဏန်းများအရ ပညာသင်ယူရေး ဆိုင်ရာအခွင့်အ ရေး မှာ အမျိုးသမီးများသည် အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။

မင်းကန်ကျေးရွာတွင် ကျား-မ မရွေး၊ လူကြီးလူငယ်မရွေးနှစ်စဉ်ဝါတွင်းကာလ၌ ဆွမ်းတော်ကြီး လှည့်ခြင်းကို သာသနာ့အကျိုးတော်ဆောင် ဂေါပကအဖွဲ့များနှင့်ပူးပေါင်း၍ လှည့်လည်ခြင်း၊ ဝါတွင်းကာလ ဥပုသ်နေ့များ၌ ပိဏ္ဍပတ်ဆွမ်း လောင်းခြင်း၊ ကျေးရွာတွင်းသာရေးနာရေးများတွင်လည်းကူညီဆောင်ရွက်ခြင်း၊ ကျေးရွာလုံခြုံရေးလုပ်ငန်းများ၊ ဖွံ့ဖြိုးရေး လုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများတွင် ပူးပေါင်း ဆောင်ရွက်ခြင်းနှင့် (၁၂) လရာသီပွဲတော်များတွင် ဦးဆောင်၍ ဆောင်ရွက်ကြပါသည်။ မင်းကန်ကျေးရွာ အမျိုးသမီးများမှာဘာသာရေးပွဲများတွင် ဓမ္မစကြာရွတ်ဖတ် ပူဇော်ခြင်း၊ နာရေးများတွင် သံဝေဂအလင်္ကာများ

ရွှတ်ဆိုပို့ဆောင်ခြင်းကြောင့် ပညာရေး၊ လူမှုရေး၊ ကျန်းမာရေးလုပ်ငန်းများတွင် အမျိုးသားများနှင့် တန်းတူရင်ဘောင်တန်း၍ ပူးပေါင်းဆောင်ရွက်ကြပါသည်။

စိုက်ပျိုးရေးတွင် လုပ်ကိုင်ကြသောအမျိုးသားများ၏ ပျမ်းမျှတစ်ရက်လုပ်အားခမှာ (၅၅၀၀ိ/-) ကျပ်ဖြစ်ပြီး၊ လက်သမား၊ပန်းရံစသောလက်မှုပညာဖြင့် လုပ်ကိုင်ကြသောအမျိုးသားများ၏ ပျမ်းမျှတရက်လုပ်အားခမှာ (၇၀၀ဝိ/-) ကျပ်ဖြစ်ပါသည်။စိုက်ပျိုးရေးလုပ်ငန်းများတွင် လုပ်ကိုင်ကြသောအမျိုးသမီးများ၏ တစ်ရက်လုပ်အားခပျမ်းမျှမှာ (၃၀၀ဝိ/-) ကျပ်ရရှိပြီး အခြားဆောက်လုပ်ရေးလုပ်ငန်းများဖြစ်သောပန်းရံ၊ လက်သမား၊ ကျပန်းလုပ်ငန်းများတွင် အမျိုးသားပျမ်းမျှ (၇၀၀ဝိ/-) ကျပ်နှင့် အမျိုးသမီးပျမ်းမျှ (၃၀၀ဝိ/-)ကျပ်ရရှိကြသည်။ အခြားနိုင်ငံ့ဝန်ထမ်းများတွင် အမျိုးသား၊ အမျိုးသမီး ရာထူးတူလစာနှုန်းတူများ ရရှိကြ၍ အခြားအဖွဲ့အစည်းများတွင် လုပ်ကိုင်နေကြသူများလည်းရှိပါသည်။

## ၅. ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

| စီမံချက်အမည် | ဦးစားပေး အဆင့် | စီမံချက်အမည် | ဦးစားပေးအဆင့် |
|---|---|---|---|
| ယခင်50kVA မှ 315kVA transformer ပြောင်းလဲ တပ်ဆင်ခြင်း | ၁ | လူနာတင်ယာဉ်(၁)စီးဝယ်ယူခြင်း | ၆ |
| မြေသားရေကန်ပြုပြင်တူးဖော်၍အိမ်တိုင်ရာရောက်ရေ မီတာသုံးစနစ်ဆောင်ရွက်ခြင်း | ၂ | အသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်ခြင်း | ၇ |
| ရွာတွင်းလမ်းများအား ကွန်ကရစ်လမ်းခင်းခြင်း | ၃ | ဘောလုံးအားကစားကွင်းနှင့်နည်းပညာပံ့ပိုးပေးဖြင်း | ၈ |
| ကျေးရွာစာကြည့်တိုက်ဆောင်လုပ်ပေးရန်၊ခေတ်မီ အင်တာနက်စာကြည့်တိုက်ထူထောင်ရန် | ၄ | ကျေးရွာပိုင်ထွန်စက်ဝယ်ယူခြင်း | ၉ |
| ရွာလယ်ဓမ္မာရုံအသစ်ပြန်လည်ဆောက်လုပ်ခြင်း | ၅ | မျိုးကောင်းမျိုးသန့်များရရှိစေရန်နှင့်စိုက်ပျိုးရေးနည်းပညာ သင်တန်းများဖွင့်လှစ်ခြင်း | ၁၀ |

## မင်းကန်ကျေးရွာ၊ နဘဲကန်ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးမင်းဆွေ | ဦးတင်ဝင်း | ၉/တသန(နိုင်) ၁၀၃၂၄၀ | ၄၃ | ဥက္ကဋ္ဌ | ၀၉-၄၀၂၆၇၅၂၀၂ |
| ၂ | ဦးသောင်းဌေး | ဦးထိန်ဝင်း | ၉/တသန(နိုင်) ၁၂၈၂၉၄ | ၃၅ | အတွင်းရေးမှူး | ၀၉-၇၈၆၀၄၁၃၂၀ |
| ၃ | ဦးစိုးနိုင် | ဦးဝင်းအောင် | ၉/တသန(နိုင်) ၀၄၇၃၃၁ | ၅၁ | ဘဏ္ဍာရေးမှူး | ၀၉-၄၀၂၅၂၀၉၁၅ |
| ၄ | ဦးမြင့်အောင် | ဦးမြအုန်း | ၉/တသန(နိုင်) ၀၄၇၃၅၆ | ၄၇ | စာရင်းကိုင် | ၀၉-၂၅၆၀၀၂၇၇၈ |
| ၅ | ဒေါ်နှင်းရွှေ | ဦးပေါ်စံ | ၉/တသန(နိုင်) ၀၄၇၀၇၁ | ၅၀ | သော့ကိုင်(၁) | ၀၉-၄၀၄၀၈၇၀၉၆ |
| ၆ | ဒေါ်တင့်ဝေ | ဦးတင်လှိုင် | ၉/တသန(နိုင်) ၁၅၁၅၄၂၃ | ၄၆ | သော့ကိုင်(၂) | ၀၉-၄၀၂၅၂၀၉၀၂ |
| ၇ | ဒေါ်ခိုင်ခိုင်ဖြိုး | ဦးနေဝင်း | လျှောက်ထားဆဲ | ၁၉ | အဖွဲ့ဝင် | ၀၉-၇၇၄၄၆၀၁၁၇ |
| ၈ | ဦးဘိုသန်း | ဦးကြွေ | ၉/တသန(နိုင်) ၀၄၇၀၈၇ | ၆၇ | အဖွဲ့ဝင် | - |
| ၉ | ဦးနိုင်ဦး | ဦးလှထွန်း | ၉/တသန(နိုင်) ၂၁၅၉၈၅ | ၃၇ | အဖွဲ့ဝင် | ၀၉-၇၇၄၅၅၆၁၀၇ |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၂ | ၄ | ၆ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၂၀ | ၂၄ | ၄၄ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၃၉ | ၃၇ | ၇၆ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၄၀ | ၂၆ | ၆၆ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၆၇ | ၂၉၃ | ၅၆၀ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၁၇ | ၃၁ | ၄၈ |
| **စုစုပေါင်း** | | **၃၈၅** | **၄၁၅** | **၈၀၀** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၁၇၅** | | |

**ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။ ။မင်းကန်ကျေးရွာတွင် အိမ်ထောင်စု(၁၇၅)ပေါင်းအိမ်ရှိ၍ လူဦးရေမှာ ကျား (၃၈၅)ဦးနှင့် မ(၄၁၅)ဦး စုစုပေါင်း(၈၀၀)ဦးရှိပါသည်။တစ်အိမ်လျှင်ပျမ်းမျှလူဦးရေမှာ (၄.၅)ဖြစ်သဖြင့် နိုင်ငံတကာလူဦးရေနှင့် ယှဉ်လျှင်ဖွံ့ဖြိုးမှုနေးကွေးပါသည်။ (၁)နှစ်အောက်နို့စို့ရွယ်ရာခိုင်နှုန်း(၀.၇၅%)၊ (၁)နှစ်မှ(၄)**နှစ်အထိ (၅)နှစ်အောက်ကလေးငယ်ရာခိုင်နှုန်းမှာ (၅.၅%)၊ (၅)နှစ်မှ(၉)နှစ်အထိ မူလတန်းကျောင်းသာအရွယ်ရာခိုင်နှုန်းမှာ (၉.၅%)၊ (၁၀)နှစ်မှ(၁၄)နှစ်အထိ အလယ်တန်းကျောင်းသားအရွယ်ရာခိုင်နှုန်းမှာ (၈.၂၅%)၊(၁၅)နှစ်မှ (၆၄)နှစ်အထိ အလုပ်လုပ်နိုင်သည့်အရွယ်ရာခိုင်နှုန်းမှာ(၇၀%)နှင့်(၆၅)နှစ်အထက် သက်ကြီးရွယ်ကြီးရာခိုင်နှုန်းမှာ(၆%)ရပါသည်။(၁၅)နှစ်မှ(၆၄)နှစ်အထိ အလုပ်လုပ်နိုင်သည့်အရွယ်ရာခိုင်နှုန်းမှာ(၇၀%)ဖြစ်သဖြင့် မင်းကန်ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေများရှိနေကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ခ) အလုပ်လုပ်နိုင်သူ အင်အား**

**(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| **စဉ်** | **လုပ်ငန်းများ** | **အဓိက အလုပ်အကိုင်** | | **အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)** | **ရပ်တည်နိုင်မှု** (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | **အိမ်ထောင်စု** | **မိသားစုဝင် လုပ်အား** | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၆ | ၃၁ | ၅ | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | ၂ | မြင့်☐လတ်☐နိမ့်☑ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၂ | ၃ | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃၅ | ၃၅ | ၃ | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၂ | ၂ | မြင့်☐လတ်☑နိမ့်☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄ | ၇ | ၂ | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃ | ၃ | ၄ | မြင့်☐လတ်☑နိမ့်☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလုပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | ၄ | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၁ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၂ | ၂၅ | ၉ | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | ၅ | မြင့်☐လတ်☐နိမ့်☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | ၁ | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | ၃ | မြင့်☐လတ်☐နိမ့်☑ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၂ | ၁ | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | ၆ | မြင့်☐လတ်☐နိမ့်☑ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | ၅ | မြင့်☐လတ်☐နိမ့်☑ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၇၀ | ၁၀၅ | ၆၇ | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၄ | ၄ | ၁၄ | မြင့်☐လတ်☐နိမ့်☑ |
| | **စုစုပေါင်း** | ၁၇၅ | ၂၂၁ | ၁၃၅ | ☒ |

**ရင်းမြစ်**… (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။** ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"**အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ -

**“စိုက်ပျိုးရေး”** ကဏ္ဍ ၏ **“ကိုယ်ပိုင်လုပ်ငန်း”**တွင်ရပ်တည်နိုင်မှု**“မြင့်”** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အဓိကဝင်ငွေရလုပ်ငန်းမှာ ပန်းပဲလုပ်ငန်းဖြစ်ပြီး အများစု မှာကြိုရာကျပန်းများ လုပ်ကိုင်ကြပါသည်။ပန်းပဲလုပ်ငန်းနှင့် ကြိုရာကျပန်းလုပ်ကိုင်သည့် အိမ်ထောင်စု(၁၀၇)စုရှိပြီးရာခိုင်နှုန်းအားဖြင့် (၆၁.၁၄%)ဖြစ်ပါသည်။လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်သူ ကိုယ်ပိုင်(၂၆)စု၊မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ(၂)စု၊ဆောက်လုပ်ရေးလုပ်ငန်းကိုယ်ပိုင်နှင့် အလုပ်အလုပ်သမားအိမ်ထောင်စု(၇)စု၊ယာဉ်စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး လုပ်ကိုင်သူ(၁)စု၊ကျွမ်းကျင်လုပ်ငန်းလုပ်ကိုင်သူ(၁)စု၊လက်လီလက်ကားလုပ်ငန်းလုပ်ကိုင်သူ(၂၂)စု၊ ဟိုတက်နှင့်စားသောက်ဆိုင်လုပ်ငန်းလုပ်ကိုင်သူ(၁)စု၊ပို့ဆောင်ရေး၊သိုလှောင်ရေးနှင့်ဆက်သွယ်ရေး လုပ်ငန်းလုပ်ကိုင်သူ(၃)စု၊ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ကိုင်သူ(၁)စုနှင့်ပြင်ပအဖွဲ့အစည်းနှင့် ကုမ္ပဏီများတွင်လုပ်ကိုင်သူ(၄)စုရှိပြီး စုစုပေါင်း(၁၇၅)စုရှိပါသည်။**

**(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၆၀၀၀ | ၃၅၀၀ | ၅၀၀၀ | ၂၅၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၈၀၀၀ | ၃၅၀၀ | ၆၀၀၀ | ၂၅၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | ၃၀၀၀ | | ၂၅၀၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

**မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)**

**(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် နေ့စားလုပ်အားခမှာ အမျိုးသားများအတွက်အများဆုံးလုပ်အားခ(၆၀၀၀ိ/-)နှင့် အမျိုးသမီးများအတွက် လုပ်အားခမှာ (၃၅၀၀ိ/-)နှင့် အနည်းဆုံးခလုပ်အားခမှာ အမျိုးသား(၅၀၀၀ိ/-)နှင့် အမျိုးသမီး(၂၅၀၀ိ/-)၊ ပန်းရံ၊လက်သမားများ၏ ဆရာအဆင့်လုပ်အားခမှာ တစ်နေ့ (၈၀၀၀ိ/-)ကျပ် နောက်လိုက်အဆင့်မှာ (၆၀၀၀/-)ရရှိနိုင်ကြသည်။အမျိုးသမီးများမှာ အများဆုံး(၃၅၀၀ိ/-)နှင့် အနည်းဆုံး(၂၅၀၀ိ/-)ရရှိကြပါသည်။လက်လီလက်ကားနှင့်အရောင်းအဝယ်လုပ်ငန်းများတွင် အမျိုးသမီးများသည် တစ်နေ့ အများဆုံး(၃၀၀၀ိ/-)မှ အနည်းဆုံး(၂၅၀၀ိ/-)ရရှိကြပါသည်။နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရရှိကြသည်။ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်မှုတူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခလျော့နည်းပြီးရကြကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၃၅၂ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စုစုပေါင်း | ၃၅၂ | ☒ |

ရင်းမြစ် …(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။မင်းကန်ကျေးရွာတွင် ယာမြေ(၃၅၂)ဧက ရှိပါသည်။ကျေးရွာအနီးတွင် ဆည်ရှိသော်လည်း စိုက်ပျိုးရေပေးဝေခြင်းမရှိသည့်အတွက် လယ်မြေများ၊ဥယျာဉ်ခြံမြေများ စိုက်ပျိုးလုပ်ကိုင်ဆောင်ရွက်ခြင်းမရှိဘဲ ယာမြေသာရှိပါသည်။ပင်လယ်ကမ်း၊မြစ်ကမ်းဘေးကျေးရွာမဟုတ်သောကြောင့် ကိုင်း၊ကျွန်း၊ဓနိတောမြေများမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ-၂)  ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ☐ သင့်☐ နည်း☐ မရှိ☑ | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ☐ သင့်☐ နည်း☐ မရှိ☑ | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ☐ သင့်☐ နည်း☐ မရှိ☑ | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ☐ သင့်☐ နည်း☐ မရှိ☑ | ☒ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။မင်းကန်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သတ္တုနှင့် အခြားတွင်းထွက်သယံဇာတ၊ကျောက်၊သဲ၊ကျောက်စရစ်စသည်များ၊သဘာဝအပင်မျိုးစိတ်များ၊သဘာဝတိရစ္ဆာန် မျိုးစိတ်များ မရှိပါကြောင်းလေ့လာတွေ့ရှိရပါသည်။

(ဃ)  ဉစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဉစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | (၅)ဧကနှင့် အထက် | (၅)ဧကအောက် | မရှိ | မရှိ |
| အိမ်အခြေအနေ | (၁)ထပ်တိုက်၊နံကပ်၊ သွပ်မိုး၊ထရံကာ | သွပ်မိုး၊ထရံကာ | သွပ်မိုး၊ထရံကာ | |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ခြွေလှေ့စက်၊ဆိုင်ကယ် သုံးဘီးဆိုင်ကယ် ထောလာဂျီ၊တီဗီ၊ စလောင်း၊ဖုန်း | ဆိုင်ကယ်၊စက်ဘီး နွား၊ဝက်၊ဆိတ်၊ တီဗီ၊စလောင်း၊ဖုန်း | စက်ဘီး | - |
| အဓိကစီးပွားရေး လုပ်ငန်း | ပန်းပဲ၊ပန်းရံ၊ စိုက်ပျိုးရေး၊ဈေးရောင်း | ပန်းပဲ၊ပန်းရံ၊ ဈေးရောင်း၊ကျပန်း၊ | ကျပန်း | - |
| အိမ်ထောင်စု | ၅၂ | ၁၂၀ | ၃ | - |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ဥစ္စာဓနအဆင့်သတ်မှတ်ရာတွင် အိမ်ထောင်စုအားလုံး၏ သုံးပုံတစ်ပုံမှာ အဆင်ပြေသည့် အိမ်ထောင်စုများဟု သတ်မှတ်ကြပြီး ကျန်သုံးပုံနှစ်ပုံခန့်မှာ အလယ်အလတ်ရှိသော အိမ်ထောင်စုများအဖြစ် သတ်မှတ်ကြပါသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား= _________<br>အစာလျှော့စား = _________<br>အထောက်အပံ့ယူ = _________<br>ချေးယူ = _________<br>လုပ်အားခကြိုယူ = _________ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား= _________<br>အစာလျှော့စား = _________<br>အထောက်အပံ့ယူ = _________<br>ချေးယူ = _________<br>လုပ်အားခကြိုယူ = _________ |
| ၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား= _________<br>အစာလျှော့စား = _________<br>အထောက်အပံ့ယူ = _________<br>ချေးယူ = _________<br>လုပ်အားခကြိုယူ = _________ |

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ -

(င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | - | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | - | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | - | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။မင်းကန်ကျေးရွာတွင် မိသားစုစောက်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ဖြင့်နှစ်နှင့်အထက်၊မိသားစု၊ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်းစွမ်းသည့် ပုဂ္ဂိုလ်၊ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု၊မုဆိုးဖို၊တခုလပ်အိမ်ထောင်စုများ မရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

(င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐လတ် ☐နိမ့်☑ မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐လတ် ☑ နိမ့်☐မရှိ ☐ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၆ | မုန်တိုင်း | မြင့် ☐လတ် ☐နိမ့်☑ မရှိ ☐ |
| ၇ | ငလျင် | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၈ | မီးဘေး | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၃ | တီဘီရောဂါ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။မင်းကန်ကျေးရွာတွင် သဘာဝအရင်းအမြစ်များဖြစ်သော စိုက်ပျိုးမြေများ ရှိပြီး စိုက်ပျိုးရေများမှာ လုံလောက်မှုမရှိပါ။ကျေးရွာ၏အနီးပတ်ဝန်းကျင်တွင် ပင်လယ်နှင့်မြစ်များ မရှိသဖြင့် ရေကြီးခြင်း၊ဆားငံရေဝင်ရောက်ခြင်း၊မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှုနှင့် မီးဘေး အန္တရာယ်ကျရောက်မှုများမရှိပါ။မုန်တိုင်းတိုက်ခတ်မှုမရှိဘဲ တခြားဒေသများသို့ မုန်တိုင်းတိုက်ခတ် ပါက မုန်တိုင်း၏အရှိန်ကြောင့် မိုးရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်းများရှိပါသည်။ ငှက်ဖျား ရောဂါ၊တီဘီရောဂါနှင့် ကိုယ်ခံအားကျဆင်းမှုရောဂါများ မရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

(င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☑လတ် ☐နိမ့်☐မရှိ ☐ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ☑လတ် ☐နိမ့်☐မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၅ | ဆေးစွဲသူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် ☐လတ် ☑နိမ့်☐မရှိ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာရှိ လူငယ်အများစုသည် ငယ်ရွယ်သူများဖြစ်ခြင်း၊အမှားအမှန် ကောင်းစွာမခွဲခြားနိုင်ခြင်း၊စိတ်လိုက်မာန်ပါလုပ်တက်ခြင်း ဗီဇများကြောင့် ထိခိုက်လွယ်မှုမြင့်မား သူများ ဖြစ်ပါသည်။လက်လုပ်လက်စားများ၊ကျပန်းများလုပ်ကိုင်သည် အိမ်ထောင်စု(၇၀)စုသည် ဆင်းရဲပြီး ထိခိုက်လွယ်သော အိမ်ထောင်စုများဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | လူငယ်အဖွဲ့ | ၁☐ ၂☑ ၃☐ | ၄၀ | - | ၄၀ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး☑ | ကောင်း ☑<br>သင့် ☐<br>ညံ့ ☐ |
| ၂ | အမျိုးသမီးအဖွဲ့ | ၁☐ ၂☑ ၃☐ | - | ၁၅ | ၁၅ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း ☑<br>သင့် ☐<br>ညံ့ ☐ |
| ၃ | ဘုရားဂေါပက အဖွဲ့ | ၁☐ ၂☐ ၃☑ | ၇ | - | ၇ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |
| ၄ | ကျောင်းအကျိုး ဆောင်အဖွဲ့ | ၁☐ ၂☑ ၃☐ | ၇ | - | ၇ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |
| ၅ | မိဘ/ဆရာ အသင်းအဖွဲ့ | ၁☐၂☑၃☐ | ၅ | ၂ | ၇ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ |
| ၆ | ပက်စ်မြန်မာ အဖွဲ့ | ၁☑၂☐ ၃☐ | - | ၂၅ | - | ပညာရေး☐ငွေကြေး☑<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☑<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း☑<br>သင့် ☐<br>ညံ့ ☐ |
| ၇ | | ၁☐ ၂☐ ၃☐ | | | | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။**

**အုပ်စုအမျိုးအစား**

